နေ့စဉ်တိုင်းရင်းသားသတင်းများစုဆောင်းတင်ပြခြင်း

(No. 106, June 15, 2021)

၁။ တနိုင်းတွင် ဖမ်းဆီးခံရသော လူငယ် ၂၉ ဦးကို မတရားအသင်းဆက်သွယ်မှု ဥပဒေဖြင့် အရေးယူရန် ရဲစခန်းသို့ အပ်

၂။ ရွှေကူတွင် PDF မသင်္ကာသူများကို အိမ်ထောင်စုစာရင်းနှင့်တကွ လိုက်လံဖမ်းဆီးနေ

၃။ ဒီမော့ဆိုမြို့နယ်အတွင်းရှိ လမ်းမကြီးတစ်လျှောက် လူနေအိမ်နဲ့ဈေးဆိုင် ဖျက်ဆီးခံရပြီး ပျက်ဆီးမှုများပြား

၄။ စစ်ရှောင်ပြည်သူများ စားနပ်ရိက္ခာ တစ်ပတ်စာသာကျန်ရှိ

၅။ ကရင်နီပြည်နယ်တွင် အအေးမိပြီးသေဆုံးသွားတဲ့ ၆ ရက်သားအရွယ် ကလေးငယ်အပါအဝင် သေဆုံးသူ ၅၀ ဦးအထိ ရှိလာ

၆။ အကြမ်းဖက်စစ်ကောင်စီတပ်က ရွာသားတွေကို ဖမ်းဆီးရိုက်နှက်ပြီး ပေါ်တာဆွဲနေ

၇။ ဝေါ်လေဒေသ သတ်ဖြတ်မှုဖြစ်စဉ် စစ်ကောင်စီက အရပ်သားအသွင် ထောက်လှမ်းမှုကြောင့် ဟု KNDO စစ်ဦးစီးချုပ် ရှင်းလင်းပြောဆို

၈။ ကော်သူးလေပြည်ကြီး ရရှိရန်အတွက် ဆက်လက်တိုက်ပွဲဝင်ကြရန် KNU တိုက်တွန်း

၉။ ပြည်နယ်ဝန်ကြီးချုပ်အပါအဝင် စစ်ကောင်စီဖမ်းဆီးထိန်းသိမ်းခံရသူများအတွက် အမှုလိုက်ပေးသည့် ရှေ့နေ နှစ်ဦး ဖမ်းဆီးခံရ

၁၀။ ရေးမြို့ပေါ် အလက(၂) ကျောင်းရှေ့တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားသဖြင့် လူတစ်ဦးသေဆုံး

၁၁။ ကျိုက်ထီးရိုးတောင်ခြေ ကင်ပွန်းစခန်းအနီး ရဲများပစ်ခတ်ခံရပြီး တစ်ဦးသေဆုံး နှစ်ဦးဒဏ်ရာ

၁၂။ MUP အမတ်လောင်း လုပ်ကြံခံရမှုကို ဆက်လက်စုံစမ်းနေဟု မွန်ညီညွတ်ရေးပါတီပြော

၁၃။ တိုင်းရင်းသားလက်နက်ကိုင်တချို့ စစ်သင်တန်းနှင့်ဖောက်ခွဲရေးသင်တန်းများ ပေးနေဟု စစ်ကောင်စီပြော

၁၄။ ရခိုင်ဝန်ကြီးချုပ်ဟောင်းအမှုမှ နောက်ဆုံးသက်သေကို ယနေ့စစ်ဆေး၊ လာမည့် ရုံးချိန်း၌ စွဲချက်တင်နိုင်ဟုဆို

၁၅။ စစ်တွေခရိုင်တရားရုံးတွင် အကြမ်းဖက်မှုပုဒ်မများဖြင့်တရားရင်ဆိုင်နေရသူ ၃၇ ဦးအား ထပ်မံရုံးချိန်း၊ ရုပ်သိမ်းလွှာ ကျရန်များနေဟု ရှေ့နေပြော

၁၆။ ယခုလွတ်လာခြင်းမှာ အကောင်းဆုံးအဖြေတစ်ခုမဟုတ်သေးဟု AA စစ်ဦးစီးချုပ်၏ညီဆို

၁၇။ ရခိုင်ရှိ ဘ-က ကျောင်းအချို့တွင် ငွေကြေးမတတ်နိုင်၍ ဆောက်လက်စ စာသင်ဆောင်များ ရပ်နားထားရ

၁၈။ မြန်မာနိုင်ငံ၏ ပထမဆုံးပေါ်ထွန်းလာမည့် ဆရာတော်ဦးဥတ္တမပြတိုက် တည်ဆောက်နေမှု ငွေကြေးအခက်အခဲကြောင့် ရပ်နားထားရဆဲ

၁၉။ ရခိုင်တွင် ကလေးသူငယ်များအပေါ် အဓမ္မကျူးလွန်မှုမြင့်လာ

၂၀။ ဆည်တည်ဆောက်ရာတွင် ပါဝင်သွားသည့် မြေယာများအတွက် လျော်ကြေးငွေကို ၃ နှစ်ကြာသည့်တိုင် မရရှိသေးကြောင်းပြော

၂၁။ ကျေးရွာအနီး မြန်မာတပ်မတော် တပ်စွဲထား၍ အောင်ဇေယျရွာသားများ ရွာပြန်ချင်သော်လည်း မပြန်ရ

၂၂။ ကယားပြည်နယ်တွင် စစ်ဘေးရှောင် တစ်သိန်းကျော်အထိရှိလာ၊ တိုက်ပွဲကြောင့် သေဆုံးသူ ၅၀ အထိရှိနေ

၂၃။ လားရှိုးမြို့နယ် ပြည်သူ (၆ ) ဦးကို TNLA မှဖမ်းဆီးခေါ်ဆောင်သွား

၂၄။ မန်ပန်ပြည်သူ့စစ် တန့်ယန်းမြို့ပေါ်ရပ်ကွက်ထိ စစ်သားစုဆောင်းနေ

၂၅။ တောင်ကြီးမြို့နယ် NLD ပါတီဝင် အမျိုးသား တစ်ဦး သေနတ်ပစ်သတ်ခံရ၊အလောင်းပြန်မရ

***************************

၁။ တနိုင်းတွင် ဖမ်းဆီးခံရသော လူငယ် ၂၉ ဦးကို မတရားအသင်းဆက်သွယ်မှု ဥပဒေဖြင့် အရေးယူရန် ရဲစခန်းသို့ အပ်

12th June 2021

တနိုင်းမြို့ စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခံထားရသည့် လူငယ် ၂၉ ဦးကို မတရားအသင်းဆက်သွယ်မှု ဥပဒေ ပုဒ်မ ၁၇/၁ ဖြင့် အရေးယူရန် ရဲစခန်းသို့ လွဲပြောင်းထားကြောင်း သိရသည်။ KIA တပ်မဟာ ၂ နယ်မြေမှ ထွက်လာသော လူငယ် ၂၉ ဦးမှာ မေလ ၁၅ ရက်နေ့ တနိုင်းမြို့အဝင် စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခံလိုက်ရပြီးနောက် စစ်တပ်က တစ်လကြာ စစ်ဆေးပြီးနောက် ဇွန်လ ၁၁ ရက်နေ့တွင် တရားစွဲဆိုရန် ရဲတပ်ဖွဲ့သို့ အပ်လိုက်သည်ကို သိရကြောင်း ဖမ်းဆီးခံရသူများနှင့် နီးစပ်သူများထံမှ သိရသည်။

အာဏာသိမ်းစစ်တပ်က လူငယ် ၂၉ ဦးကို မတရားအသင်း ဆက်သွယ်မှု ပုဒ်မ ၁၇(၁)နှင့်ဖြင့် တရားစွဲဆိုရန် ရဲစခန်းသို့ အမှုလွဲပြောင်းထားသည်ဟု ကြားသိရသော်လည်း လူငယ်များကိုစစ်တပ်အတွင်းမှ ရဲစခန်းသို့ ရွှေ့ပြောင်းထားခြင်း ရှိမရှိကို သေချာမသိရသေးကြောင်း သူက ဆက်ဆိုသည်။ လူမှုကွန်ယက်ပေါ်တွင် ပျံ့နှံ့နေသော 'ဖမ်းဆီး စစ်ဆေးနေချိန်တွင် ရိုက်နက်ခံရမှုကြောင့် လူငယ် ၂၉အနက် ၈ ဦး သေဆုံးသွားပြီ' ဟူသော သတင်းမှာ မဟုတ်မမှန်ကြောင်း သူက ပြောဆိုသည်။

ဖမ်းဆီးခံရစဉ်အချိန်ကစပြီး ယနေ့အချိန်ထိ သား၊ သမီးများကို တွေ့ဆုံခွင့်မရသေးကြောင်း မိဘများက ပြောဆိုနေကြသည်။ တနိုင်းဒေသသည် ကချင်လွတ်လပ်ရေးတပ်မတော် KIA တပ်မဟာ ၂ ဒေသဖြစ်ပြီး အာဏာသိမ်းစစ်တပ် ဖြင့် စစ်ရေးတင်းမာနေသော နေရာဖြစ်သည်။ https://burmese.kachinnews.com/2021/06/12/june-12-y1/

****************

၂။ ရွှေကူတွင် PDF မသင်္ကာသူများကို အိမ်ထောင်စုစာရင်းနှင့်တကွ လိုက်လံဖမ်းဆီးနေ

14th June 2021

ရွှေကူမြို့နယ်တွင် ပြည်သူ့ကာကွယ်ရေးတပ် PDF ဟု မသင်္ကာသူများကို အာဏာသိမ်းစစ်ကောင်စီ၏ တပ်ဖွဲ့များက အိမ်ထောင်စုစာရင်းနှင့်တကွ လိုက်လံ ရှာဖွေဖမ်းဆီးနေကြောင်း သိရသည်။

ရွှေကူမြို့မ ရဲစခန်းနှင့် စစ်တပ်၏ ရိက္ခာသယ်သဘော်များ မကြာခဏ ပစ်ခတ်တိုက်ခိုက်ခံရသောကြောင့် ယခုလို မသင်္ကာမှုဖြင့် ဝင်ရောက်စစ်ဆေးမှုများ ပြုလုပ်လာခြင်းဖြစ်ပြီး ဖမ်းဆီးခံထားရသူတစ်ချို့ကို ရဲစခန်းတွင် ထိန်းသိမ်းထားပြီး တစ်ချို့ကို စစ်တပ်ထဲတွင် ဖမ်းဆီးထားကြောင်းသူက ဆက်ဆိုသည်။ ဇွန်လ ၁၃ရက်နေ့ နေအိမ်တစ်ခုကို ဝင်ရောက်စစ်ဆေးရာတွင် ၁၀ဦးထက်မနည်းဖမ်းဆီးခံရပြီး၊ ယနေ့ ဇွန်လ ၁၄ ရက်တွင်လည်း နောက်ထပ် ၁၀ ဦး ဖမ်းဆီးခံလိုက်ရသည်ဟု သိရသည်။

ရွှေကူမြို့မ ရဲစခန်းသည် ပြီးခဲ့သော ဇွန်လ ၄ ရက်နှင့် ၉ရက်နေ့များတွင် တိုက်ခိုက်ခံခဲ့ရပြီး အာဏာသိမ်းစစ်တပ်၏ စစ်ရိက္ခာ သယ် သင်္ဘောလည်း ၅ကြိမ်ထက်မနည်း ပစ်ခတ်ခံခဲ့ရသည်။ ထိုသို့ ဇွန်လ ၄ ရက်နေ့က မြို့မ ရဲစခန်းကို တိုက်ခိုက်မှုမှာ ရွှေကူ ပြည်သူ့ကာကွယ်ရေးတပ် SPDF နှင့် ကချင်လွတ်လပ်ရေးတပ်မတော် KIA တို့ ပူးပေါင်းတိုက်ခိုက်ခဲ့ကြောင်း SPDF အဖွဲ့က ထုတ်ပြန်ခဲ့သည်။ https://burmese.kachinnews.com/2021/06/14/june-14-y1/

*******************

## ၃။ ဒီမောဆိုမြို့နယ်အတွင်းရှိ လမ်းမကြီးတစ်လျှောက် လူနေအိမ်နဲ့ဈေးဆိုင် ဖျက်ဆီးခံရပြီး ပျက်ဆီးမှုများပြား

June 15, 2021

ကရင်နီပြည်နယ်၊ ဒီမောဆိုမြို့နယ်အတွင်း လမ်းမကြီးတစ်လျှောက်ရှိ လူနေအိမ်နဲ့ ဈေးဆိုင်အများအပြား ဖျက်ဆီးခံရပြီး ပျက်ဆီးမှုတွေ များပြားတယ်လို့ ဒေသခံတွေက ပြောဆိုကြပါတယ်။ ဒီမောဆိုမြို့နယ်အတွင်းက ဒေသခံတွေ မိမိနေအိမ်ကို ပြန်လို့ရကြောင်း ဖုန်းဆက်အသိပေးတာကြောင့် ပြန်ကြည့်တဲ့အခါမှာ နေအိမ်က ရစရာမရှိအောင် ပျက်ဆီးမှုရှိနေတယ်လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

ဒီမောဆိုမြို့နယ်တိုက်ပွဲမှာ အကြမ်းဖက်စစ်ကောင်စီတပ်က မြို့ပေါ်ရှိ ရပ်ကွက်၊ လူနေအိမ်တွေအထိ တပ်စွဲထားပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နဲ့ တိုက်ပွဲဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ တပ်စွဲထားတဲ့အတောအတွင်း ပြည်သူတွေရဲ့ နေအိမ်ထဲထိ ဝင်ရောက် အကြမ်းဖက်ပြီး ဖျက်ဆီးတာဖြစ်တယ်လို့ ဒေသခံတွေက ပြောဆိုကြပါတယ်။ လူနေအိမ်အနီးတစ်ဝိုက်မှာလည်း မပေါက်ကွဲသေးတဲ့ လက်နက်ကြီးတွေ တွေ့ရှိတယ်လို့ ဆိုပါတယ်။

အကြမ်းဖက်စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲမှာ အကြမ်းဖက်စစ်ကောင်စီတပ်က လက်နက်ကြီးတွေနဲ့ အဆက်မပြတ် ရမ်းသမ်းပစ်ခတ်ခဲ့တာဖြစ်ပြီး ရပ်ကွက်ရှိနေအိမ်အများအပြား လက်နက်ကြီးထိမှန်မှုကြောင့် ပျက်ဆီးမှုများပြားတယ်လို့ သိရပါတယ်။ https://www.kantarawaddytimes.org/?p=13337

***************

## ၄။ စစ်ရှောင်ပြည်သူများ စားနပ်ရိက္ခာ တစ်ပတ်စာသာကျန်ရှိ

June 14, 2021

ကရင်နီပြည်နယ် ဒီးမောဆိုမြို့နယ် အရှေ့ဖက်ခြမ်းရှိ စစ်ဘေးရှောင် ၂ သောင်းနဲ့အထက် ရှိတဲ့ နေရာတွေမှာ စားနပ်ရိက္ခာ တစ်ပတ်စာသာ ကျန်နိုင်တော့တယ်လို့ စစ်ဘေးရှောင်တွေကို ကူညီဆောင်ရွက်ပေးနေသူ တစ်ဦးထံကနေ သိရပါတယ်။ ဒီးမောဆိုအရှေ့ခြမ်းရှိ ပြည်သူတွေဟာ ပြည်သူ့ကာကွယ်ရေးတပ်တွေနဲ့ အကြမ်းဖက်စစ်ကောင်စီတပ်တို့ တိုက်ပွဲပြင်းထန်ပြီး နောက် ထွက်ပြေးတိမ်းရှောင်နေကြရတာဖြစ်ပြီး ဇွန်လ ၁၁ ရက်နေ့မှာ အကြမ်းဖက်စစ်ကောင်စီတပ်က လက်နက်ကြီးတွေနဲ့ ရမ်းသမ်းပစ်ခတ်ပြီး ကျေးရွာတွေထဲ ကျလာတာကြောင့် ကျေးရွာ ၈ နီးပါး ရွာလုံးကျွတ် ထပ်မံထွက်ပြေးတိမ်းရှောင်ကြရပြီး ကျေးရွာတွေမှာ ရွာလုံခြုံရေးယူပေးနေတဲ့သူတွေသာ ကျန်ရှိတယ်လို့ သိရပါတယ်။

အလှူရှင်တွေမရောက်ရှိသေးတဲ့ နေရာတွေမှာ စစ်ဘေးရှောင်အချင်းချင်းသာ ကူညီမှုဝေကြတာဖြစ်တဲ့အတွက် စားနပ်ရိက္ခာ၊ ဆေးဝါးတွေ ပိုပြီးကုန်မြန်တယ်လို့ သိရပါတယ်။ ရိက္ခာခြောက်၊ ဆေးဝါး၊ ရေ၊ မိုးကာ စတာတွေဟာ စစ်ရှောင်တွေအတွက် အဓိက လိုအပ်ချက်ဖြစ်တယ်လို့ စစ်ဘေးရှောင်တွေကို ကူညီဆောင်ရွက်ပေးနေသူတွေက ပြောပါတယ်။

ကရင်နီပြည်နယ်မှာ တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူ တစ်သိန်းကျော်ရှိနေပြီဖြစ်ပြီး ဒီးမော့ဆိုမြို့နယ်က စစ်ရှောင် ဦးရေအများဆုံးဖြစ်တယ်လို့ သိရပါတယ်။ တချို့သော စစ်ဘေးရှောင်တွေမှာ အသက်လွတ်ရုံသာ ပြေးနေရတဲ့အတွက် တဲထိုးနေဖို့ မိုးကာတွေမသယ်ဆောင်လာနိုင်တော့တဲ့အတွက် နေရာထိုင်ခင်း အခက်အခဲရှိတယ်လို့လည်း သိရပါတယ်။

https://www.kantarawaddytimes.org/?p=13334

*******************

## ၅။ ကရင်နီပြည်နယ်တွင် အအေးမိပြီးသေဆုံးသွားတဲ့ ၆ ရက်သားအရွယ် ကလေးငယ်အပါအဝင် သေဆုံးသူ ၅၀ ဦးအထိ ရှိလာ

June 14, 2021

ကရင်နီပြည်နယ်တွင် တပ်မတော်က အာဏာသိမ်းပြီးနောက် ဇွန်လ ၁၂ ရက်နေ့အထိ သေဆုံးသူ ၅၀ ဦးအထိ ရှိလာပြီး လသားအရွယ်ငယ်တစ်ဦး၊ ၆ ရက်သားအရွယ် ကလေးငယ်တစ်ဦးတို့ ပါဝင်တယ်လို့ တိုးတက်သောကရင်နီပြည်သူ့အင်အားစု မှ မှတ်တမ်းပြုလုပ်ထားတဲ့ စာရင်းအရ သိရှိရပါတယ်။ သေဆုံးသူ ၆ ရက်သားအရွယ်ကလေးငယ်မှာ စစ်ဘေးရှောင်တဲ့နေရာမှာ အအေးမိပြီး သေဆုံးခြင်းဖြစ်တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ မေလ ၂၉ ရက်နေ့မှာလည်း စစ်ဘေးရှောင်ပြည်သူတွေထဲမှ လသားအရွယ် ကလေးငယ်တစ်ဦး ဖျားနာပြီး သေဆုံးမှု ဖြစ်ပွားခဲ့ပါတယ်။

စစ်ဘေးရှောင်ပြည်သူတွေဟာ ရက်ပိုင်းအတွင်းသာ ဆေးဝါးလုံလောက်နိုင်တဲ့ ပြဿနာကို ရင်ဆိုင်နေရတဲ့အပြင် ပြန့်ကျဲနေတဲ့ စစ်ဘေးရှောင်ပြည်သူတွေဆီကို ဆေးဝါးကုသပေးနိုင်ဖို့ အခက်အခဲရှိတယ်လို့ ကရင်နီအတိုင်ပင်ခံကောင်စီ KSCC ရဲ့ Humanitarian Focal က ပြောပါတယ်။

ပြီးခဲ့တဲ့ ဇွန်လ ၁၁ ရက်နေ့တစ်ရက်တည်းမှာ ကရင်နီပြည်နယ်အတွင်းမှာ သေဆုံးသူ ၉ ဦးရှိတယ်လို့ သိရပါတယ်။ သေဆုံးသူများထဲမှာ စာရင်းအရ ဒီးမော့ဆို ၂၈ဦး၊ လွိုင်ကော် ၁၇ ဦး၊ မိုးဗြဲ ၃ ဦး၊ ဖယ်ခုံ ၁ ဦးနဲ့ ဘောလခဲ ၁ ဦး တို့ ဖြစ်ပါတယ်။ သေဆုံးသူတွေထဲမှာ စစ်ဘေးရှောင်ပြည်သူများ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ရဲဘော်များ၊ စစ်ဘေးရှောင်တွေကို ကူညီပို့ဆောင်ပေးနေသူများလည်း ပါဝင်ပါတယ်။

https://www.kantarawaddytimes.org/?p=13326

***************

## ၆။ အကြမ်းဖက်စစ်ကောင်စီတပ်က ရွာသားတွေကို ဖမ်းဆီးရိုက်နှက်ပြီး ပေါ်တာဆွဲနေ

June 14, 2021

ကရင်နီပြည်နယ်တွင် အကြမ်းဖက်စစ်ကောင်စီတပ်က ဒီမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာတွေထဲကို ဝင်လာပြီး ရွာသားတွေကို ဒူးထောက်ခိုင်းကာ ရိုက်နှက်တာတွေ ၊ပေါ်တာဆွဲပြီး ပစ္စည်းထမ်းခိုင်းတာတွေ ပြုလုပ်နေတယ်လို့ ဒီးမော့ဆိုအနောက်ဖက်ခြမ်းမှ

ဒေသခံတစ်ဦးက ပြောပါတယ်။ ဇွန်လ ၁၁ ရက်နေ့မှာ ဒီမောဆိုမြို့နယ် မြလဲကျေးရွာအုပ်စု ပတန်းခိုကျေးရွာအတွင်း စစ်ကောင်စီတပ် အင်အား ၁၀၀ ဝန်းကျင်ခန့်က စစ်ကြောင်းချီ ထိုးစစ်ဆင်လာပြီး ကျေးရွာအတွင်း လုံခြုံရေးယူနေတဲ့ ဒေသခံတွေကို ပစ်ခတ်ခဲ့တယ်လို့ သိရပါတယ်။

ဒီမောဆိုမြို့ အနောက်ဖက်ခြမ်းမှာ ထိပ်တိုက် တိုက်ပွဲမဖြစ်ဖို့ စစ်တပ်ခေါင်းဆောင်တွေနဲ့ အဖွဲ့အစည်းအချို့ ညှိနှိုင်းမှုတွေရှိတာ ကြောင့် ရွာသားလုံခြုံရေးအဖွဲ့က ပစ်ခတ်မှုမရှိပေမယ့် အကြမ်းဖက်စစ်ကောင်စီတပ်ကနေ စစ်ကြောင်းထိုးမှုတွေ လုပ်ဆောင် နေပြီး ရွာအတွင်းထိ ဝင်ရောက် တပ်စွဲနေတယ်လို့ အဆိုပါ ဒေသခံက ဆက်ပြောပါတယ်။

အကြမ်းဖက်စစ်ကောင်စီတပ်ကနေ ထိုးစစ်ဆင်တိုက်ခိုက်ပြီး လက်နက်ကြီးတွေနဲ့ ရမ်းသမ်း ပစ်ခတ်မှုတွေကြောင့် စစ်ဘေး ရှောင်ပြည်သူတွေ ဘေးလွတ်ရာနေရာတွေကို ထပ်မံတိမ်းရှောင်နေကြရတယ်လို့ သိရပါတယ်။

https://www.kantarawaddytimes.org/?p=13323

*****************

## ၇။ ဝေါလေဒေသ သတ်ဖြတ်မှုဖြစ်စဉ် စစ်ကောင်စီက အရပ်သားအသွင် ထောက်လှမ်းမှုကြောင့် ဟု KNDO စစ်ဦးစီးချုပ် ရှင်းလင်းပြောဆို

June 14, 2021

စစ်ကောင်စီ၏ သတင်းစာတွင် ဇွန်လ ၁၃ရက်နေ့က ဖော်ပြထားသည့် ဝေါလေဒေသ တံတားစီမံကိန်းလုပ်သားအချို့ သတ်ဖြတ် ခံရမှုတွင် သေဆုံးသွားသူများမှာ အရပ်သားများမဟုတ်ဘဲ စစ်ကောင်စီတပ်ဖွဲ့ဝင်များဖြစ်ကြပြီး ဒေသတွင်း စုံစမ်းထောက် လှမ်းမှုများ လုပ်ဆောင်သည့်အတွက်ကြောင့်ဖြစ်သည်ဟု ကရင်အမျိုးသားကာကွယ်ရေးတပ်မတော် (KNDO) စစ်ဦးစီးချုပ်က ပြောဆိုသည်။

မေလ ၃၁ရက်နေ့က မြဝတီခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ဝေါလေမြို့၊ ကနဲလေး- မော်ခီးသွား ကားလမ်းပေါ်ရှိ အူးဟူချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းတွင် အပြစ်မဲ့ အလုပ်သမား ၂၅ဦးကို KNDO က သတ်ဖြတ်ခဲ့သည်ဆိုပြီး စစ်ကောင်စီ၏ သတင်းထုတ်ပြန်ချက်အပေါ် ကေအိုင်စီ၏ မေးမြန်းချက်ကို KNDO စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ်စောနယ် ဒါးမြက ယခုလို ပြန်လည်ရှင်းလင်း ပြောဆိုခြင်းဖြစ်သည်။ ထို့အပြင် တံတားဆောက်လုပ်သူများသည် စစ်ကောင်စီမှ စေလွှတ်ထားသည့် စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များဖြစ်ပြီး ထိုသူများနှင့် မိသားစုဝင်များကို ဖမ်းဆီးခေါ်ဆောင်သွားသည့်နောက်ပိုင်းတွင် စစ်ကောင်စီတပ်မှ KNDO ဌာနရှိရာနေ ရာသို့ လက်နက်ကြီးများနှင့် ဆက်တိုက် ပစ်ခတ်သည့်အပြင် BGF တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ၎င်းတို့ဌာနနေရာကို လာရောက်တိုက်ခိုက်ခြင်းလည်းရှိသည်ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ထို့နောက် ဇွန်လ ၁ရက်နေ့နှင့် ၉ရက်နေ့တို့တွင် KNDO က ဖမ်းဆီးခေါ်ဆောင်ခံရသူများထဲမှ အမျိုးသား ၆ဦး၊ အမျိုး သမီး ၆ဦး၊ ကလေးငယ် ၁၀ဦး၊ စုစုပေါင်း ၂၂ဦး ပြန်လည်လွတ်မြောက်လာခဲ့သလို သေဆုံးသူ ၂၅ဦး၏အလောင်း ပြန် လည်တွေ့ရှိသည့် အတွက် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ သတ်ဖြတ်မှုကြောင့် တပ်မတော်စစ်ကြောင်းများမှ လိုက်လံရှာဖွေ ဖော်ထုတ်ချေ မှုန်းနိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိ ကြောင်း စစ်ကောင်စီပိုင် သတင်းဌာန၏ ထုတ်ပြန်ထားချက်တွင် ဖော်ပြထားသည်။ http://kicnews.org/2021/06/%E1%80%

************************

## ၈။ ကော်သူးလေပြည်ကြီး ရရှိရန်အတွက် ဆက်လက်တိုက်ပွဲဝင်ကြရန် KNU တိုက်တွန်း

June 14, 2021

ကော်သူးလေပြည်ကြီး ရရှိရန်အတွက် ဆက်လက်တိုက်ပွဲဝင်ကြရန် ယနေ့ကျရောက်သည့် (၇၂) ကြိမ်မြောက် ကော်သူးလေနေ့အခမ်းအနားတွင် ကရင်အမျိုးသားအစည်းအရုံး(KNU) တွဲဖက်အတွင်းရေးမှူး (၂) ပဒိုစောလှ ထွန်းက တိုက်တွန်းပြောကြားသွားသည်။ ဖားအံခရိုင် လေးဝါးတွင် ယနေ့ ကျင်းပပြုလုပ်သည့် (၇၂) ကြိမ်မြောက် ကော်သူးလေနေ့ အခမ်းအနားတွင် ပဒိုစောလှထွန်းက ယခုလို တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

နံနက် (၈) နာရီတွင် စတင်ကျင်းပသည့် ယနေ့ အခမ်းအနားသို့ KNU ခေါင်းဆောင်အချို့နှင့် ကရင်လူငယ် ၁၀၀ ဝန်းကျင် တက်ရောက်ခဲ့ကြပြီး သက်ဆိုင်ရာ KNU ခေါင်းဆောင်အသီးသီးမှ အမှာစကားပြော ကြားပြီးနောက် KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးမှ ပေးပို့သည့် ကော်သူးလေနေ့ သဝဏ်လွှာကို ဖတ်ကြားပေးခဲ့သည်။

ကေအဲန်ယူ၏ ဌာနချုပ်ကို အင်းစိန်မှ တောင်ငူသို့ပြောင်းရွှေ့ပြီးနောက် ၁၉၄၉ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့တွင် တောင်ငူမြို့၌ပင် အစည်းအဝေးကြီးတစ်ရပ် ခေါ်ယူကျင်းပကာ ကော်သူးလေ အစိုးရဖွဲ့ပြီးနောက် ကော်သူးလေ အသံလွှင့်ဌာနမှ ကော်သူးလေ ကရင်ပြည်ကို ထူထောင်ခြင်း၊ ကော်သူးလေအစိုးရကို ဖွဲ့စည်းလိုက်ကြောင်း ကမ္ဘာသို့ ကြေညာလိုက်သည့်နေ့ကို အစွဲပြု၍ ကော်သူးလေနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ http://kicnews.org/2021/06

****************

## ၉။ ပြည်နယ်ဝန်ကြီးချုပ်အပါအဝင် စစ်ကောင်စီဖမ်းဆီးထိန်းသိမ်းခံရသူများအတွက် အမှုလိုက်ပေးသည့် ရှေ့နေ နှစ်ဦး ဖမ်းဆီးခံရ

June 11, 2021

စစ်အာဏာသိမ်းပြီးနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်အပါအဝင် ဖမ်းဆီးထိန်းသိမ်းခံရသူ များအတွက် အမှုလိုက်ပါ ဆောင်ရွက်ပေးနေသည့် ဖားအံမြို့နယ်ရှိ တရားလွှတ်တော်ရှေ့နေနှစ်ဦးကို ယမန်နေ့(ဇွန်လ ၁၀ ရက်)က မြဝတီမြို့ တွင် ဖမ်းဆီးခံခဲ့ရသည်ဟု သိရသည်။

၎င်းရှေ့နေနှစ်ဦးသည် ကရင်ပြည်နယ်ဝန်ကြီးချုပ် နှင့် ဝန်ကြီးများအမှုအပါအဝင် ကရင်လူငယ် စောလင်းထက်အမှု၊ ဒေါက်တာချိုယုမွန်အမှုနှင့် ယနေ့ တရားရုံးမှ ထောင်ဒဏ် (၂) အမိန့်ချခံလိုက်ရသည့် လူငယ် (၃၆) ဦးအမှုများကို လိုက်ပါဆောင် ရွက်နေသူများဖြစ်ကြသည်ဟု နီးစပ်သူများထံမှ သိရသည်။ အမည်မဖော်လိုသည့် ၎င်းရှေ့နေများနှင့် နီးစပ်သူတစ်ဦးက ” မနေ့က ရှေ့နေ ၂ ယောက်ကို မြဝတီ အမှတ်(၁)ဂိတ်မှာ ဖမ်းမိတယ်လို့ ကြားတယ်။ နိုင်ငံရေးဆိုင်ရာ ပုဒ်မ ၅ဝ၅နဲ့ ” ဟု ကေအိုင်စီသို့ ပြောသည်။

၎င်းရှေ့နေ(၂) ဦးအပြင် သူနာပြုတစ်ဦးနှင့် အခြားဝန်ထမ်းတစ်ဦးတို့ကို မြဝတီမြို့ အမှတ်(၁)ဂိတ်တွင် ဖမ်းဆီးခံခဲ့ရသည်ဟုလည်း ၎င်းက ဆက်ပြောသည်။ ဖမ်းဆီးခံရသည့် အဆိုပါ ရှေ့နေ (၂) ဦးကို ပုဒ်မ ၅ဝ၅(က) ဖြင့် မြဝတီမြို့ ရဲစခန်းတွင် အမှုဖွင့်ထားပြီး ယနေ့ ဇွန်လ ၁၁ရက်နေ့တွင် ယမန်ယူ တရားရုံးထုတ်မည်ဟု သိရသည်။ http://kicnews.org/2021/06

******************

### ၁၀။ ရေးမြို့ပေါ် အလက(၂) ကျောင်းရှေ့တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားသဖြင့် လူတစ်ဦးသေဆုံး

ဇွန် ၁၄ ၂၀၂၁

မွန်ပြည်နယ်၊ ရေးမြို့၊ အောင်မေတ္တာရပ်ကွက်၊ အလက(၂)ကျောင်းရှေ့တွင် ဇွန်လ ၁၄ ရက်နေ့၊ ညနေ ၃ နာရီ ကျောင်းဆင်းချိန်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးထိမှန်ခဲ့ပြီး တစ်ဦးမှာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ကျောင်းဆင်းချိန် လမ်းရှင်းပေးနေသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတစ်ဦးဖြစ်သူတို့ကို ပစ်ခတ်ခဲ့တာဖြစ်ပြီး ရပ်မိရပ်ဖတစ်ဦးမှာ ခေါင်းတွင်ထိမှန်သေဆုံးခဲ့ကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို လက်တွင် သေနတ်ထိမှန်ဒဏ်ရာရခဲ့သည်ဟု ရပ်ကွက်နေ ပြည်သူများက ပြောကြားသည်။ ပြီးခဲ့သည့်မေလ ၂၅ ရက်နေ့ကလည်း အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို လက်ပစ်ဗုံးဖြင့်ပစ်ပေါက်ခဲ့ရာတွင် ပေါက်ကွဲခဲ့သော်လည်း လူထိခိုက်မှုမရှိခဲ့သလို ဇွန်လ ၃ ရက်နေ့တွင် ရပ်ကွက်ရုံးအနီးရှိ အလက-၂ ကျောင်းကို လက်ပစ်ဗုံးတစ်လုံးပစ်သွင်းခဲ့သော်လည်း ပေါက်ကွဲခြင်းမရှိခဲ့ကြောင်း သိရသည်။

ရေးမြို့နယ်အတွင်း ဧပြီလနောက်ဆုံးအပတ်မှ ယနေ့အထိ ဗုံးပေါက်ကွဲမှု၊ လက်ပစ်ဗုံးနှင့်အပစ်ခံရမှု ၁၅ ကြိမ်ဖြစ်ပွားခဲ့ပြီး မေလ ၁၉ ရက်နေ့က အောင်သုခရပ်ကွက်နေ ကိုကျော်မင်းထွန်း(ခ)ကိုချစ်တီးကို ဖောက်ခွဲရေးသမားဟုဆိုကာ လက်လုပ်ဗုံးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း စစ်ကောင်စီဘက်က သတင်းထုတ်ပြန်ခဲ့သည်။ https://burmese.monnews.org/2021/06/14

*****************

### ၁၁။ ကျိုက်ထီးရိုးတောင်ခြေ ကင်ပွန်းစခန်းအနီး ရဲများပစ်ခတ်ခံရပြီး တစ်ဦးသေဆုံး နှစ်ဦးဒဏ်ရာ

၁၄ ဇွန် ၂၀၂၁

ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးတောင်ခြေရှိ ကင်ပွန်းစခန်းအနီးနှင့် ကဒက်ချောင်းအနီး၌ ယနေ့ ဇွန်လ ၁၄ ရက်နေ့ နေ့လည် ၁၂ နာရီခန့်က ရဲတပ်ဖွဲ့ဝင်များကို သေနတ်သမားများ ဝင်ရောက်ပစ်ခတ်ခဲ့ပြီး တစ်ဦးသေဆုံးကာ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများထံက သိရသည်။

ရဲတပ်ဖွဲ့ဝင်အချို့က ကဒက်ချောင်းတွင် သောက်စားအော်ဟစ်မှုပြုလုပ်နေပြီး ပစ်ခတ်ခံရမှုကြောင့် ရဲတစ်ဦး နေရာတွင်ပင် သေဆုံးခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီးနောက် တစ်ဦး လက်မောင်းသာထိခဲ့ပြီး အရပ်သားတစ်ဦး ပေါင်တွင် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ကျိုက်ထိုမြို့အတွင်း သပိတ်စုံသူပုန်ထ အမည်ဖြင့် အာဏာရှင်ဆန့်ကျင်သော ကျောင်းသားလူငယ်အချို့က ယနေ့မွန်းလွဲပိုင်းတွင် ပျောက်ကြားသပိတ်တစ်ခု ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ https://burmese.monnews.org/2021/06/14

*****************

### ၁၂။ MUP အမတ်လောင်း လုပ်ကြံခံရမှုကို ဆက်လက်စုံစမ်းနေဟု မွန်ညီညွတ်ရေးပါတီပြော

(၁၄ ဇွန် ၂၀၂၁)

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့အနီး မွန်ညီညွတ်ရေးပါတီ MUP အမတ်လောင်း လုပ်ကြံခံရမှုကို ဆက်လက်စုံစမ်းလျှက်ရှိကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် နိုင်တလညီက မွန်သတင်းအေဂျင်စီသို့ ပြောသည်။

MUP ပါတီ ကြာအင်းဆိပ်ကြီးမြို့နယ် အမျိုးသားလွှတ်တော်အမတ်လောင်း မိဝေသီဖြိုးသည် ဇွန်လ ၈ ရက်နေ့ညနေပိုင်းက ဘုရားသုံးဆူမြို့သို့သွားရောက်ရန် မော်တော်ကားမောင်းနှင်လာစဉ် ရွာသစ်ရွာနေအိမ်မှ ထွက်ခွာခဲ့ပြီးမိနစ်အတွင်း လမ်းမကြီးပေါ်တွင် သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၎င်းကိစ္စအတွက် လက်သည်တရားခံကို ဆက်လက်စုံစမ်းရှာဖွေနေခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါလုပ်ကြံသတ်ဖြတ်မှုအပေါ် ဘက်ပေါင်းစုံမှ စုံစမ်းရှာဖွေရရှိထားသောအချက်အလက်များအား မွန်ညီညွတ်ရေးပါတီမှ တရားဝင်ထုတ်ဖော်ပြောကြားခြင်း မပြုသေးပေ။ ယင်းကဲ့သို့ အခင်းဖြစ်ပွားခဲ့ပြီး နောက်တစ်နေ့တွင် စစ်ကောင်စီဘက်မှ ကော့ကရိတ်ခရိုင် စီမံအုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲမှူးနှင့် မွန်ပြည်သစ်ပါတီ ဆက်ဆံရေးရုံးတာဝန်ရှိပုဂ္ဂိုလ်များက လုပ်ကြံမှုဖြစ်ပွားခဲ့သည့်နေရာတဝိုက်သို့ သွားရောက်လေ့လာစုံစမ်းခဲ့ပြီး ရွာသစ်ရွာရှိ ကွယ်လွန်သူ မိဝေသီဖြိုး၏ မိဘများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားခဲ့သည်ဟု ၎င်းက ပြောသည်။ https://burmese.monnews.org/2021/06/14

*****************

## ၁၃။ တိုင်းရင်းသားလက်နက်ကိုင်တချို့ စစ်သင်တန်းနှင့်ဖောက်ခွဲရေးသင်တန်းများ ပေးနေဟု စစ်ကောင်စီပြော

(၁၂ ဇွန် ၂၀၂၁)

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့သည် နိုင်ငံသားတချို့ကို ဖောက်ခွဲရေးသင်တန်းနှင့် စစ်သင်တန်းများကို ပေးနေသည်ဟု ဇွန်လ ၁၂ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းစာ ရှင်းလင်းပွဲတွင် ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောသည်။ အဆိုပါ လက်နက်ကိုင် အဖွဲ့များသည် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)၊ ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ(KNPP)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)တို့ ဖြစ်သည်ဟု ၎င်းက ပြောသည်။

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ အားလုံးက စစ်သင်တန်းပေးနေသည်ဟု မပြောလိုပဲ တချို့ လက်နက်ကိုင်တပ်ဖွဲ့များသည် တပ်မဟာ သို့မဟုတ် တပ်ရင်းအဆင့်တချို့က အကြမ်းဖက် အားပေးသည့် လုပ်ရပ်များကို လုပ်ဆောင်နေသည်ဟု အသိပေးပြောဆိုသွားသည်။ KNPP ၏ စစ်သင်တန်းကနေ ပြန်လာသည့် လူငယ်(၇၀) ဦး ဖမ်းမိခဲ့သည်ဟု ပြီးခဲ့သည့် ဧပြီလ ၃၀ ရက်နေ့က သတင်းထွက်ပေါ်ခဲ့သော်လည်း မိမိတို့တပ်ဖွဲ့နှင့် သက်ဆိုင်ခြင်းမရှိကြောင်း ဖမ်းဆီးခံရတဲ့ လူငယ် (၇၀)ဝန်းကျင်နဲ့ပတ်သက်ပြီး (KNPP) ရဲ့ အတွင်းရေးမှူး-၂ ခူးဒယ်နီရယ်က Kantarawaddy Times နှင့်အင်တာဗျူးတွင် ပြောဆိုထားသည်။

ထို့အပြင် KNU ကနေ ဖောက်ခွဲရေး သင်တန်းတက်ရောက်ပြီး ပြန်လာသူ ၃ ဦးကို ဇွန်လ ၈ ရက်နေ့က ရန်ကင်းမြို့နယ်ထဲတွင် ဖမ်းမိခဲ့ရာ ဖမ်းဆီးခံရသူများ၏ ပြောပြချက်အရ ကျောက်ကြီး-မုန်း-ဇရပ်ကြီးတွင် ရှိသည့် KNU က ဖွင့်လှစ်ထားသင့် ဖောက်ခွဲရေး သင်တန်းကို တက်ရောက်ခဲ့သည်ဟု ဗိုလ်ချုပ် ဇော်မင်းထွန်းက ဇွန်လ ၁၂ ရက်နေ့ သတင်းစာ ရှင်းလင်းပွဲတွင် ပြောသွားသည်။ https://burmese.monnews.org/2021/06/12

********************

**၁၄။ ရခိုင်ဝန်ကြီးချုပ်ဟောင်းအမှုမှ နောက်ဆုံးသက်သေကို ယနေ့စစ်ဆေး၊ လာမည့် ရုံးချိန်း၌ စွဲချက်တင်နိုင်ဟုဆို**

12 Jun, 2021

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးညီပုအမှုမှ နောက်ဆုံး တရားလိုပြသက်သေတစ်ဦးအား ယနေ့ ဇွန်လ ၁၁ ရက်နေ့တွင် စစ်ဆေးခဲ့ပြီး လာမည့်ရုံးချိန်းတွင် စွဲချက်အမိန့်ချနိုင်ကြောင်း အမှုအားလိုက်ပါဆောင်ရွက်ပေးနေသည့် တရားလွှတ်တော်ရှေ့နေ ဦးအောင်စစ်မင်းက ပြောသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးညီပုအမှုမှ နောက်ဆုံးသက်သေကို ယနေ့တွင် စစ်တွေမြို့နယ်တရားရုံးတွင် Video Conferencing ဖြင့် စစ်ဆေးခဲ့ပြီး အမှုအား လာမည့် ဇွန်လ ၂၅ ရက်နေ့သို့ ထပ်မံရုံးချိန်းလိုက်သည်ဟု သိရသည်။ ဦးညီပုက သူ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်ပြီး မိသားစုအနေဖြင့် သူ့အတွက်မစိုးရိမ်ကြဖို့ ရှေ့နေကို ပြောကြားခဲ့သည်ဟု သိရသည်။

နိုင်ငံတော်အကြည်အညိုပျက်စေမှု ဥပဒေ ပုဒ်မ ၅၀၅ (ခ)သည် ပြစ်မှုထင်ရှားပါက ထောင်ဒဏ် (၂) နှစ်အထိ ကျခံနိုင်ကြောင်း သိရသည်။ https://burmese.narinjara.com/news/detail/60c449d57ac0b1046055f412

******************

**၁၅။ စစ်တွေခရိုင်တရားရုံးတွင် အကြမ်းဖက်မှုပုဒ်မများဖြင့်တရားရင်ဆိုင်နေရသူ ၃၇ ဦးအား ထပ်မံရုံးချိန်း၊ ရုပ်သိမ်းလွှာ ကျရန်များနေဟု ရှေ့နေပြော**

12 Jun, 2021

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်တရားရုံးတွင် ရက္ခိုင့်တပ်တော် (AA)နှင့် ဆက်စပ်သံသယနှင့် ဖမ်းဆီးပြီး အကြမ်းဖက်မှုဥပဒေ ပုဒ်မများဖြင့် တရားရင်ဆိုင်နေရသူ ၃၇ ဦးအား ထပ်မံရုံးချိန်းလိုက်ပြီး ရုပ်သိမ်းလွှာကျရန်များနေသည်ဟု ရှေ့နေက ပြောသည်။

ယမန်နေ့က ရုံးထုတ်ရာတွင် မြောက်ဦးမြောက်နယ် လက္ကာကျေးရွာမှ အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၁ ဦး၊ စစ်တွေမြို့နယ်၊ သိန်းတန်ကျေးရွာမှ အမျိုးသား ၂ ဦး၊ တောကန်ကျေးရွာမှ ၁ ဦး၊ ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာမှ ၅ ဦး၊ အိုင်းဒင်ကျေးရွာမှ ၂ ဦးနှင့် သာစည်ကျေးရွာမှ ၃ ဦးတို့ဖြစ်ကြသည်။

ရခိုင်တွင် ရက္ခိုင့်တပ်တော် (AA) နှင့် ဆက်စပ်သည်ဆိုသော သံသယဖြင့် တရားစွဲဆိုခံထားရသူ ၂၀၀ ခန့်အထိ ရှိနေသေးသည်ဟုလည်း အမှုလိုက်ရှေ့နေ နောက်တစ်ဦးဖြစ်သည့် ရှေ့နေ ဦးအောင်စစ်မင်းက ပြောသည်။ ၎င်းတို့အား စွဲဆိုထားသော အကြမ်းဖက်မှု ဥပဒေပုဒ်မများမှာ ၅၀ (က)၊ ၅၀ (ည)၊ ၅၀ (ဈ)နှင့် ၅၂ (က) တို့ဖြစ်ကြောင်း သိရှိရသည်။

https://burmese.narinjara.com/news/detail/60c449497ac0b1046055f410

******************

**၁၆။ ယခုလွတ်လာခြင်းမှာ အကောင်းဆုံးအဖြေတစ်ခုမဟုတ်သေးဟု AA စစ်ဦးစီးချုပ်၏ညီဆို**

12 Jun, 2021

ယခုလွတ်မြောက်လာခြင်းမှာ အကောင်းဆုံးအဖြေတစ်ခုမဟုတ်သေးဟု AA စစ်ဦးစီးချုပ်၏ညီ ကိုအောင်မြတ်ကျော်က ပြောဆိုလိုက်သည်။ ယနေ့ညနေပိုင်းက ရန်ကုန်မှတဆင့် စစ်တွေသို့ လေကြောင်းခရီးဖြင့်ရောက်ရှိလာစဉ် စစ်တွေလေဆိပ်တွင် မီဒီယာများကိုပြောဆိုသွားခြင်းဖြစ်သည်။

ရက္ခိုင့်တပ်တော် (AA) စစ်ဦးစီးချုပ် ဗိုလ်ချုပ်ထွန်းမြတ်နိုင်၏ ညီဖြစ်သူ ကိုအောင်မြတ်ကျော်နှင့် ညီမဖြစ်သူ မယမင်းမြတ် (ခ) မမိုးနှင်းဖြူအပါအဝင် ၁၀ ဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ လွတ်မြောက်လာခြင်းဖြစ်သည်။ လွတ်မြောက်လာသူများမှာ AA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ထွန်းမြတ်နိုင်၏ညီ ကိုအောင်မြတ်ကျော်၊ AA စစ်ဦးစီးချုပ်၏ညီမ မယမင်းမြတ် (ခ) မမိုးနှင်းဖြူ၊ သူ၏အမျိုးသား ကိုကျော်နိုင်နှင့် ရခိုင်အသင်း (စင်္ကာပူ)ခေါင်းဆောင်များဖြစ်ကြသည့် ကိုမြတ်လင်းဦး၊ ကိုရဲကျော်ထက်၊ မအေးမြတ်မွန်၊ ကိုတင်လှိုင်ဦး၊ ကိုဟိန်းဇော်၊ ကိုမောင်ပန် (ခ) ကိုထွန်းအေးနှင့် ကိုရွှေလှိုင်သန်းတို့ဖြစ်သည်။

လွတ်မြောက်သူများထဲတွင် AA စစ်ဦးစီးချုပ်၏ညီမနှင့် ယောက်ဖတို့အမှုမှာ စွဲချက်တင်ထားပြီးဖြစ်သည့်အတွက် တရားသေလွတ်မြောက်လာခြင်းဖြစ်ပြီး ကျန် ၈ ဦးမှာ စွဲချက်မတင်ရသေးသည့်အတွက် တရားရှင်လွတ်မြောက်လာခြင်းလည်းဖြစ်သည်။
https://burmese.narinjara.com/news/detail/60c443db7ac0b1046055f406

*********************

**၁၇။ ရခိုင်ရှိ ဘ-က ကျောင်းအချို့တွင် ငွေကြေးမတတ်နိုင်၍ ဆောက်လက်စ စာသင်ဆောင်များ ရပ်နားထားရ**

12 Jun, 2021

ရခိုင်ပြည်နယ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (ဘ-က) အချို့၌ မိုးရာသီအတွင်း ကျောင်းသား/သူများ စာသင်၍ အဆင်ပြေစေရန် ဆောက်လုပ်နေသော စာသင်ဆောင်များမှာ ငွေကြေးမတတ်နိုင်၍ ရပ်နားထားရကြောင်း သတင်းရရှိသည်။

မြောက်ဦးမြို့ ဆင်ချဆိပ်ရပ်ကွက်ရှိ ရတနာတောဇာရာမ ဘ-က ကျောင်းတွင် စစ်ဘေးရှောင်ကျောင်းသားများအပါအဝင် ကျောင်းသား/သူ စုစုပေါင်း ၁၅၀ ခန့်ရှိပြီး ကျောင်းသားများ မိုးရာသီတွင်း ကျောင်းတက်၍ အဆင်ပြေစေရန် ဆောက်လုပ်နေသည့် စာသင်ကျောင်းအဆောင်များမှာ အလှူရှင်များ လာရောက်လှူဒါန်းမှု ပြတ်လပ်နေသည့်အတွက် ကျောင်းသား/သူများအနေဖြင့် မြေကြီး၌ ကျပ်တည်းစွာ ထိုင်ကာ စာသင်ကြားနေကြရကြောင်း ကျောင်းထိုင်ဆရာတော် ဦးသုမင်္ဂလက မိန့်သည်။

မြန်မာနိုင်ငံ၌ တိုင်းနှင့်ပြည်နယ် ၁၄ ခုရှိသည့်အထဲတွင် ရခိုင်ပြည်နယ်သည် အဆင်းရဲဆုံးပြည်နယ်ထဲတွင် ပါဝင်နေပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသာ မရှိခဲ့လျှင် ရခိုင်မှ ကျောင်းသား/သူ နှစ်စဉ် ပျမ်းမျှ တစ်သောင်းခွဲကျော်မှာ ငွေကြေးမတတ်နိုင်၍ ပညာသင်ခွင့်ဆုံးရှုံးနိုင်ကြောင်း အရှင် အရိယဝံသက မိန့်သည်။ ရခိုင်ပြည်နယ်တွင် အလုပ်အကိုင်အခွင့်အလမ်းပြဿနာနှင့် ပြည်သူများရင်ဆိုင်နေရ၍ သားသမီးများ၏ ပညာရေးအား ထဲထဲဝင်ဝင် မသင်ကြားနိုင်၍ ရခိုင်ပြည်နယ်ရှိ မြို့နယ်အများစုတွင်ဘ-ကကျောင်းများပေါ်ပေါက်လာရခြင်းဖြစ်သည်။

https://burmese.narinjara.com/news/detail/60c4486e7ac0b1046055f40c

## ၁၈။ မြန်မာနိုင်ငံ၏ ပထမဆုံးပေါ်ထွန်းလာမည့် ဆရာတော်ဦးဥတ္တမပြတိုက် တည်ဆောက်နေမှု ငွေကြေးအခက်အခဲကြောင့် ရပ်နားထားရဆဲ

12 Jun, 2021

မြန်မာနိုင်ငံတွင် ပထမဆုံးပေါ်ထွန်းလာမည့် အာရှနေဝန်း ဆရာတော်အရှင်ဦးဥတ္တမပြတိုက်တည်ဆောက်နေမှုသည် ငွေကြေးလိုအပ်ချက်ကြောင့် ရပ်နားထားရဆဲဖြစ်သည်ဟု သိရသည်။ အဆိုပါပြတိုက်ကို ဆရာတော်အရှင်ဦးဥတ္တမငယ်စဉ်က သီတင်းသုံးနေထိုင်ခဲ့သည့် စစ်တွေမြို့ ရွှေစေတီဘုန်းတော်ကြီးကျောင်းတိုက်တွင် ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်ဆောက်လုပ်နေခြင်းဖြစ်ပြီး ပြတိုက်တစ်ခုလုံးပြီးစီးရန် ကျပ်သိန်း ၁ ထောင်ခန့် လိုအပ်နေသေးသည်ဟု ကျောင်းထိုင်ဆရာတော်ဦးအရိယဝံသက နိရဥ္စရာကိုမိန့်သည်။

အဆိုပါပြတိုက်ကို သုံးထပ်အဆောက်အဦအဖြစ် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သော်လည်း ငွေကြေးအခက်အခဲကြောင့် တည်ဆောက်မှုလုပ်ငန်း ရပ်နားခဲ့ရသည်။ ယင်းနောက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဆက်လက်တည်ဆောက်ခဲ့ရာ ငွေကြေးအခက်အခဲကြောင့် လက်ရှိတွင်လည်း တည်ဆောက်မှုလုပ်ငန်း ရပ်နားနေရခြင်းဖြစ်သည်။

၁၉၃၉ ခုနှစ်၊ စက်တင်ဘာ ၉ ရက်နေ့( မြန်မာသက္ကရာဇ် ၁၃၀၁၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်နေ့) ည ၁ နာရီ ၃၅ မိနစ်အချိန်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ တောင်တုန်းဘုန်းတော်ကြီးကျောင်း၌ ဆီးချိုရောဂါဖြင့် ပျံလွန်တော်မူခဲ့သည်။ ဆရာတော်ပျံလွန်တော်မူခဲ့သည့် စက်တင်ဘာ ၉ ရက်နေ့ကို အစွဲပြု၍ ရခိုင်ပြည်သူများက ဆရာတော်ဦးဥတ္တမနေ့အဖြစ် နှစ်စဉ်ကျင်းပလျက်ရှိနေကြသည်။ https://burmese.narinjara.com/news/detail/60c4431a7ac0b1046055f404

*******************

## ၁၉။ ရခိုင်တွင် ကလေးသူငယ်များအပေါ် အဓမ္မကျူးလွန်မှုမြင့်လာ

Jun 15, 2021

ရခိုင်ပြည်တွင် ကလေးသူငယ်များအပါအဝင် အမျိုးသမီးများအပေါ် အဓမ္မပြုမှုဖြစ်စဉ်များ မြင့်တက်လာနေကြောင်း Legal Clinic Myanmar (ရခိုင်) အဖွဲ့၏ စစ်တမ်းများအရ သိရသည်။ ကလေးသူငယ်များမှာ ချဉ်းကပ်ရလွယ်ကူခြင်း၊ ရခိုင်ပြည်၏အခြေအနေအရ စစ်ဘေးရှောင်စခန်းများတွင် နေထိုင်ရသည့်အတွက် လုံခြုံမှုအားနည်းခြင်းနှင့် တချို့နေရာဒေသများတွင် တရားဥပဒေစိုးမိုးမှုအားနည်းခြင်း စသည်တို့ကြောင့် ယင်းကဲ့သို့ မြင့်တက်လာခြင်းဖြစ်နိုင်ကြောင်း ဒေါ်မြသူဇာက သုံးသပ်သည်။

ရခိုင်စစ်ဘေးရှောင်ဒုက္ခသည်စခန်းများတွင် နေထိုင်ရသည့်အမျိုးသမီးများမှာ လုံခြုံရေးအခြေအနေ စိုးရိမ်နေရပြီး စစ်ဘေးရှောင်စခန်းများတွင် နေထိုင်ရသည့်အတွက် လုံခြုံမှုမရှိနိုင်ကြောင်းကိုလည်း အရပ်ဘက်အဖွဲ့အစည်းများက ထောက်ပြပြောဆိုကြသည်။

အမျိုးသမီးများအား အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး ဥပဒေရေးရာကုစားရေးအဖွဲ့ (LCM) ၏ စာရင်းအရ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ လူတစ်ဦးချင်းတိုင်ကြားလာသည့်အမှု ၁၈၄ မှုနှင့် ဖုန်းဖြင့်တိုင်ကြားလာ၍ ဖုန်းဖြင့် အကြံပေးခဲ့သည့် အမှုပေါင်း ၅၉၉ မှုရှိကြောင်း ယင်းထဲတွင် အမျိုးသမီးများအား စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လူမှုစီးပွားဆိုင်ရာအကြမ်းဖက်မှုများပါဝင်ကြောင်း သိရသည်။ https://www.dmgburmese.com

## ၂၀။ ဆည်တည်ဆောက်ရာတွင် ပါဝင်သွားသည့် မြေယာများအတွက် လျော်ကြေးငွေကို ၃ နှစ်ကြာသည့်တိုင် မရရှိသေးကြောင်းပြော

Jun 14, 2021

ရခိုင်ပြည် မာန်အောင်မြို့နယ် ပြင်ကောက်ကျေးရွာအုပ်စုတွင် လျှပ်စစ်ဆည်တည်ဆောက်ရာ၌ မြေယာ ပါဝင်သွားသူများမှာ ၃ နှစ်ကြာသည့်တိုင် လျော်ကြေးငွေ မရရှိကြသေးကြောင်း ဒေသခံမြေပိုင်ရှင်များက ပြောသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့သော အဆိုပါဆည်တွင် ပုံစံ(၇) ရရှိထားသည့် တောင်သူ ၉ ဦး၏ မြေယာများနှင့် ဓားမဦးချလုပ်ကိုင်လာခဲ့သည့် တောင်သူ ၉ ဦး၏မြေယာများ စုစုပေါင်း ၅၂ ဒသမ ၄၅ ဧက ပါဝင်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆည်ဆောက်ရာတွင် မြေယာပါဝင်သွားသူများအနေဖြင့် လျော်ကြေးငွေရရှိနိုင်ရန် ယခင်အစိုးရလက်ထက်က အကြိမ်ကြိမ်တင်ပြတောင်းခံခဲ့သော်လည်း တစ်စုံတစ်ရာထူးခြားမှု မရှိခဲ့ကြောင်း သိရသည်။ လက်ရှိ စစ်ကောင်စီလက်ထက်တွင်လည်း ယင်းလျော်ကြေးကိစ္စနှင့်ပတ်သက်ပြီး ခေါ်ယူပြောဆိုခြင်း မရှိသေးကြောင်း မြေယာပါဝင်သွားသူများက ပြောသည်။

ပြင်ကောက်ကျေးရွာအုပ်စု၌ တည်ဆောက်နေသည့် လျှပ်စစ်ဆည်ကို ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ယင်းဆည်မှာ အလျား ၂၄၅ ပေ၊ အမြင့် ၄၀ ပေရှိကာ ထိပ်ဝအကျယ် ၂၀ ပေရှိပြီး ကုန်ကျငွေ ကျပ်သန်း ၁၂၀ ရှိမည်ဟု ခန့်မှန်းထားသည်။ https://www.dmgburmese.com/

********************

## ၂၁။ ကျေးရွာအနီး မြန်မာတပ်မတော် တပ်စွဲထား၍ အောင်ဇေယျရွာသားများ ရွာပြန်ချင်သော်လည်း မပြန်ရ

Jun 14, 2021

ရခိုင်ပြည်အတွင်း လက်ရှိအချိန်တွင် မြန်မာစစ်တပ်နှင့် ရက္ခိုင့်တပ်တော်တို့ တိုက်ပွဲများ ငြိမ်သက်နေခြင်းကြောင့် မိမိကျေးရွာကို လုပ်ကိုင်စားသောက်ဖို့ ပြန်ချင်နေကြသော်လည်း ကျေးရွာအနီးက တောင်ပေါ်တွင် မြန်မာစစ်တပ်မှ တပ်စွဲထား၍ မပြန်နိုင်သေးကြောင်း ဘူးသီးတောင်မြို့နယ် စံဂိုးထောင်အုပ်စု အောင်ဇေယျကျေးရွာသားများက ပြောသည်။

ယခု မိုးရာသီကျောက်လာပြီဖြစ်သောကြောင့် လယ်ယာလုပ်ကိုင်ရန် တောင်သူများ ကျေးရွာသို့သွားကြသော်လည်း မြန်မာစစ်တပ်က စစ်ဆေးမေးမြန်းပြုလုပ်ပြီး ရွာသို့ပြန်မလာကြရန် ပြောဆိုပြီး ပြန်လွှတ်လိုက်ကြောင်း တောင်သူများက ပြောသည်။ အလုပ်အကိုင်နှင့်ငွေမရှိခြင်းကြောင့် စားဝတ်နေရေးအခက်ခဲသည့်အပြင် သားသမီးများကို ပညာသင်ကြားပေးရန် မတတ်နိုင်သည့်အခက်အခဲများရှိနေသည်ဟု ဘူးသီးတောင်မြို့ပေါ်တွင် ခိုလှုံနေသော အောင်ဇေယျကျေးရွာဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

တိုက်ပွဲဖြစ်ပွားခဲ့သည့် အချိန်ကာလတွင်လည်း အောင်ဇေယျကျေးရွာ၌ နေအိမ် ၈ ဆောင် မီးလောင်ဆုံးရှုံးသွားကြောင်း ဦးမောင်လှဟန်က ဆိုသည်။ အောင်ဇေယျကျေးရွာတွင် စုစုပေါင်း အိမ်ခြေ ၁၈၄ ဆောင်ရှိပြီး ရွာသားများမှာ စစ်တွေ၊ ဘူးသီးတောင်မြို့ပေါ်နှင့် စေတီတောင်စစ်ဘေးရှောင်စခန်းများတွင် လက်ရှိအချိန်အထိ စားဝတ်နေရေးအခက်အခဲမျိုးစုံနှင့် ခိုလှုံနေကြရသည်။ https://www.dmgburmese.com/

**********************

## ၂၂။ ကယားပြည်နယ်တွင် စစ်ဘေးရှောင် တစ်သိန်းကျော်အထိရှိလာ၊ တိုက်ပွဲကြောင့် သေဆုံးသူ ၅၀ အထိရှိနေ

Jun 14

ကယားပြည်နယ်တွင် မေလကစပြီး စစ်ကောင်စီတပ်နှင့် ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) တို့ကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် စစ်ဘေးရှောင် တစ်သိန်းကျော်အထိရှိလာနေပြီး သေဆုံးသူ ၅၀ ဦးအထိရှိနေသည်ဟု စစ်ဘေးရှောင်များကို ကူညီပေးနေသည့် အဖွဲ့အစည်းများထံမှ သိရသည်။

ကရင်နီ (ကယား) ပြည်နယ်တွင် လူဦးရေ သုံးသိန်းကျော်ခန့်ရှိပြီး လက်ရှိအချိန်တွင် စစ်ဘေးရှောင်တစ်သိန်း ကျော်ခန့်အထိ ရှိလာနေပြီးဖြစ်သည့်အတွက် သုံးပုံတစ်ပုံမှာ စစ်ဘေးရှောင်နေရကြောင်း လူမှုအဖွဲ့အစည်းများက ပြောသည်။ စစ်ကောင်စီတပ်နှင့် ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) တို့ တိုက်ပွဲကြောင့် အရပ်သားများနှင့် ကလေးသူငယ်များအပါအဝင် ကရင်နီအမျိုးသားများကာကွယ်ရေးတပ်များက သေဆုံးသူ ၅၀ ဦးအထိ ရှိနေကြောင်း ဒေသခံတစ်ဦးဖြစ်သည့် ဦးခင်ဇော်ကပြောသည်။

ယင်းအပြင် ချင်းပြည်နယ်တွင်လည်း ပြီးခဲ့သည့် ဧပြီလကုန်ပိုင်းမှ စတင်ကာ ဖြစ်ပွားနေသည့် ချင်းပြည်သူ့ကာကွယ်ရေးတပ် (CDF) နှင့် စစ်ကောင်စီတပ်တို့ကြား တိုက်ပွဲများကြောင့် စစ်ဘေးဒုက္ခသည် ငါးသောင်းကျော်အထိ ရှိလာနေပြီဟု ဒေသခံများနှင့်အကူအညီပေးနေသူများက ပြောသည်။ https://www.dmgburmese.com/

**********************

## ၂၃။ လားရှိုးမြို့နယ် ပြည်သူ (၆ ) ဦးကို TNLA မှဖမ်းဆီးခေါ်ဆောင်သွား

June 15, 2021

သျှမ်းပြည် မြောက်ပိုင်း လားရှိုးမြို့နယ် မိုင်းကျုက်ကျေးရွာအုပ်စု နားယေးကျေးရွာခံ သျှမ်းပြည်သူ ( ၆) ဦးကို တအောင်း (ပလောင်း) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) က နေအိမ်ထိလာရောက် ဖမ်းဆီးသွားခဲ့ကြောင်း စုံစမ်းသိရှိရသည်။

နာယေးကျေးရွာခံပြည်သူ ၆ ဦးကို ဇွန်လ (၁၃) ညနေ ၈ နာရီအချိန်တွင် လမ်းပြပေးရန်အတွက် ဟု ဆိုကာ နေအိမ်ထိလာရောက်ဖမ်းဆီးခေါ်ဆောင်သွားပြီး ယနေ့ထိ ပြန်လည် လွတ်မြောက်လာခြင်းမရှိသေးကြောင်း၊ ၎င်းတို့သည် မည်သည့်တပ်ဖွဲ့နှင့်မှ သက်ဆိုင်ထားခြင်းမရှိကြောင်း နားယေးကျေးရွာ ဒေသခံတစ်ဦးက သျှမ်းသံတော်ဆင့်ကိုပြောသည်။

လက်ရှိအချိန်ထိ TNLA မှ ဖမ်းဆီးသွားသည့် အရပ်သား (၆)ဦးကို မည်သည့်နေရာခေါ်ဆောင်သွားသည်ကို မသိရှိရကြောင်း၊ မိသားစုဝင်များလည်း စိတ်ပူနေကြကြောင်းသိရသည်။ https://burmese.shannews.org/archives/22555

******************

## ၂၄။ မန်ပန်ပြည်သူ့စစ် တန့်ယန်းမြို့ပေါ်ရပ်ကွက်ထိ စစ်သားစုဆောင်းနေ

June 14, 2021

သျှမ်းပြည်မြောက်ပိုင်း လားရှိုးခရိုင် တန့်ယန်းမြို့အခြေစိုက် မန်ပန်ပြည်သူ့စစ်သည် တန့်ယန်းမြို့ပေါ် ရပ်ကွက် လုံခြုံရေး အကြောင်းပြချက်ဖြင့် တပ်သားများစုဆောင်းနေကြောင်း စုံစမ်းသိရသည်။

မေ ၁၁ရက်တွင် မန်ပန်ပြည်သူ့စစ် က တန့်ယန်းမြို့ပေါ်ရှိ ရပ်ကွက်လူကြီးများကို အစည်းအဝေးခေါ်ယူပြီး တပ်သားစုဆောင်း ပေးရန် တောင်းဆိုခဲ့ကြောင်း၊ တပ်သားများ မပေးနိုင်ပါက တစ်ဦးလျှင် မြန်မာငွေကျပ် သိန်း (၂၀) ပေးဆောင်ရမည် ဟု တန့်ယန်းဒေသခံများ ပြောပြချက် အရသိရသည်။ တန့်ယန်မြို့ပေါ်တွင် ရပ်ကွက် (၆)ရပ်ကွက်တွင် ရာအိမ်မှူး (၁၂)ယောက်ရှိကာ မန်ပန်ပြည်သူ့စစ်ကို စစ်သားသစ် အယောက် (၁၄)ယောက်ပေးရမည်ဖြစ်ကြောင်းသိရသည်။

မန်ပန်ပြည်သူ့စစ်အဖွဲ့သည် တန့်ယန်းမြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို သတ်မှတ်ထားသည့် တပ်သား သို့မဟုတ် တပ်သားတစ်ဦးအစားငွေကျပ် သိန်း ၂၀ ကို ၁၅ ရက်နောက်ဆုံးထားပြီး လာရောက်အပ်နှံရန် အမိန့်ပေးထား ကြောင်းသိရသည်။ အဆိုပါဒေသအတွင်းတွင် သျှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)၊ တအာင်း (ပလောင်)အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ကိုးကန့်တပ်မတော် (MNDAA) နှင့် မန်ပန်ပြည်သူ့စစ်တို့ လှုပ်ရှားသည့်နေရာဖြစ်သည်။ https://burmese.shannews.org/archives/22552

*******************

## ၂၅။ တောင်ကြီးမြို့နယ် NLD ပါတီဝင် အမျိုးသား တစ်ဦး သေနတ်ပစ်သတ်ခံရအလောင်းပြန်မရ

June 13, 2021

သျှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့နယ် မောက်စံကျေးရွာတွင် ယမန်နေ့ (ဇွန် ၁၂)ရက် ညနေ ၃နာရီဝန်းကျင်တွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်(NLD) ပါတီဝင် တစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံရကြောင်း သတင်းရရှိသည်။

ယမန်နေ့ (ဇွန် ၁၂)ရက် ညနေ ၃နာရီတွင် အသက် (၆၅)နှစ်အရွယ်ရှိ NLD ပါတီဝင် ဦးထွဋ်မောင်သည် ၎င်းပိုင်သည့် ဆန်စက်တွင် ရောက်ရှိနေချိန် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့က သေနတ်(၄)ချက်ဖောက်ကာ ပစ်ခတ်သွားကြောင်း၊ ထို့ပြင် ဦးထွဋ်မောင်၏ အလောင်းကိုပါ သယ်ယူသွားကြောင်း ဒေသခံ တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ဦးထွဋ်မောင်၏ အလောင်းကို လက်ရှိအချိန်ထိ မိသားစုဝင်များပြန် မရရှိသေးကြောင်း၊ ဆေးရုံ နှင့် ရဲစခန်းများကို မိသားစုဝင် များက လိုက်ကြည့်သော်လည်း မတွေ့ရှိကြောင်း သိရသည်။ အဆိုပါ ဦးထွဋ်မောင် ပစ်သတ်ခံရသည့် မောက်စံကျေးရွာသည် ပအိုဝ်း အမျိုးသားတပ်မတော်(PNA) နှင့် ပအိုဝ်း အမျိုးသား အဖွဲ့ချုပ် (PNO) တို့ မကြာခဏ မြေနေရာလုသည့် ပဋိပက္ခ ဖြစ်ပွားလေ့ရှိသည့် ဒေသဖြစ်ကြောင်း သိရသည်။ https://burmese.shannews.org/archives/22538

******************

မှတ်ချက်။ သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

** ပြီး **